လွယ်ပေါင်းကျေးရွာ

နမ့်စန်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၅ - ၂၀၂၉)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လွယ်ေကျေးရွာ၊ နမ့်စန်မြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဧပြီ

မာတိကာ

မာတိကာ ၁
အတိုကောက်စကားလုံးများ ၄
စကားချီး ၅
လွိုင်ဖိုးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ နမ့်စန်မြို့နယ်
၇
လွိုင်ဖိုးကျေးရွာရာသီခွင်ပြပြက္ခဒိန်
၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၉

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၈

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၁

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၃

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏ **စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဇရိယာ**
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**
ဇယား ၂၀ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**
ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃**စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက်
ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ **ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**
ဇယား ၂၅ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား **၂၆** ရွှေပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉**သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား၃၁ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား၃၃**ပညာရေး** အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ **အဖြစ်များသော** ရောဂါများ
ဇယား၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုန်းမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား၃၈ အိမ်သာ အမျိုးအစား
ဇယား၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား **၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ**

ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၉
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၁
ကျေးရွာကော်မတီဝင်စာရင်း ၇၄
ကိုးကားစာရင်း ၇၅

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MoALI	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။


ဇန်နဝါရီ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
လွိုင်ဖွီးကျေးရွာ
နမ့်စန်မြို့နယ်

လွိုင်ဖွိုးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ နမ့်စန်မြို့နယ်



လွိုင်ဖိုးကျေးရွာ ရာသီခွင်ပြပြကွဒိန်၊ နမ့်စန်မြို့နယ်



ရာသီခွင်ပြ ပြက္ခဒိန်

ကျေးရွာ လွိုင်ဖို့ ၇ မိုင် ။ ကျေးရွာအုပ်စု ခိုဘွတ် ။ မြို့နယ် နမ့်.စန် ။ နေ့စွဲ 11.12.2017 ။

အကြောင်းအရာ	တန်ခူး	ကဆုန်	နှန်ယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	ဝါကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
ရာသီဥတု												
စိုက်ပျိုးရေးလုပ်ငန်း	မြေဂျင်ခြစ်တူန်	မြေဂျင်ဖျိုက်	ဆန်မ်းဆိုက်	စပါးပေါင်းလိုက်	-	ဆန်မ်းခွဲ	စပါးခွဲ	လေဂျင်းခွဲ	-	ပြောင်းကြိတ်	တောင်ယာမီးခွဲ
မွေးမြူရေးလုပ်ငန်း	-	-	-	-	-	-	-	-	-	-	-	-
စိုက်/မွေး မဟုတ်သောလုပ်ငန်း	ဝါးခွဲတာ	ဝါးခွဲတာ	-	-	-	-	-	-	-	သစ်ကယ်ဂိတ်	ထင်းခွဲတာ	ဝင်းခွဲတာ
စားနပ်ရိက္ခာအခြေအနေ												
ဝင်ငွေ	○○	○	○	○	○	○	○○ ○○	○○	○○	○○	○○ ○○	○○ ○○
အသုံးစရိတ်	○○○ ○○○	○○ ○○	○○○ ○○○	○○	○○	○○	○○ ○○	○○	○○○ ○○○	○○	○○○	○○ ○○
ရောဂါဘယဖြစ်ပွါးမှု(လူ)	ဝမ်းပျက်ဝမ်းလျှောက်	ဧရောင်းမူး	-	-	ဂျက်ပျား	ဂျက်ပျား	တုတ်ကွေး	တုတ်ကွေး	ခွာခေး ချောင်းဆို့	ခွာခေး ချောင်ဆို့	-	-
ရောဂါဘယဖြစ်ပွါးမှု(တိရစ္ဆာန်)	-	-	ခွာရာလျာရာ	ခွာရာလျာရာ	-	-	-	-	-	-	-	-
ရေရရှိမှု												
သဘာဝဘေးအန္တရာယ်ဖြစ်ပွါးမှု	-	-	-	-	-	-	-	-	-	-	-	-
ပွဲလမ်းသဘင်	သင်္ကြန်	ဆောင်ရွက်ခဲ့	-	ဝါဝင်	-	-	ဝါဆာကျတ်	ကဆိန်ပွဲ	ဘုမ်းကျော်ကွင်း	ကလေးမျာ ရေ-	ထမနဲပွဲ	တောပေါင်းမီးဘင်လောင်း
ရွှေပြောင်းသွားလာမှု	-	-	-	-	-	-	-	-	-	-	-	-
သီးနှံရောဂါပိုးမွှား ကျရောက်မှု	-	-	-	-	-	-	-	-	-	-	-	-

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏
ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။
ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊
ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို ပြုနယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့်

အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် နမ့်စန်မြို့မှ (၄၀)မိုင်အကွာတွင် တည်ရှိပြီး အရှေ့ဘက်တွင် နားလောရွာ၊တောင်ဘက်တွင်ဖာငတ်(ဖ)မိုင်ရွာနှင့်မြောက်ဘက်တွင်ဖာငတ်(ဓ)မိုင်ရွာတို့တည်ရှိသည် ။လမ်းပန်းဆက်သွယ်ရေး လွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှ၅၀နှင့်အထက်ရရှိပါသည်။ကျေးရွာ၏အရှေ့ပိုင်းတွင်တောင်များတည်ရှိကာမြေပြင်အနေအထားမှာမြေပြန့်ဖြစ်သည်။လယ်ယာမြေများသည် စပါး၊ပြောင်းနှင့်နှမ်းစိုက်ပျိုးထုတ်လုပ်ရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ရန်တို့အတွက် အဓိကအားထားရာဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်

ကျေးရွာ၏စိုက်ပျိုးရေးကိုမိုးရေကိုသာမှီခိုသည်။ကျေးရွာတွင် ယာမြေအသင့်အတင့်ရှိပြီး မြေဆီအသင့်အတင့် ကောင်းမွန်သည်။ ယာမြေများတွင် စပါး၊နှမ်း၊နှင့် ပြောင်းတို့ကို အဓိကစိုက်ပျိုးသည်။ ကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတ မထွက်ရှိပါ။ အနီးရှိတောတောင်မှ သဘာဝတိရစ္ဆာန်မျိုးစိတ်များလည်း ရရှိနိုင်မှု နည်းပါးလာပြီ ဖြစ်သည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က)လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၂၈)စုနှင့်ကျား(၆၅)၊ မ(၇၄)ဦးဖြင့်လူဦးရေပေါင်း(၁၃၉)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄.၉၇)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်းပါသည်။ ကျေးရွာတွင် ရှမ်းတိုင်းရင်းသား အများဆုံးနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏၆၄.၈၃%ရှိပြီး အမျိုးသမီးအရေအတွက်မှာ အမျိုးသားအရေအတွက်ထက်၆.၅ %ပိုများသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်သည်။ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၇၁.၄၃%သည် ဆင်းရဲနှင့် အလွန်အိမ်ထောင်စုအဆင့်အဖြစ် သတ်မှတ်ကြပြီး၁၈.၇၁%သည် ချမ်းသာသည့်အဆင့်၊ ၁၇.၈၆%သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှုနှင့်စိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွါးရေးအနေအထားမှာ အသင့်အတင့် ကောင်းသည်ဟု ပြောနိုင်သည်။ ချမ်းသာသောလယ်သမားအိမ်ထောင်စုများအပြင် အခြား လယ်သမားအိမ်ထောင်စုအချို့မှာလည်း နေ့စားလိုက်ခြင်း၊ အိမ်တွင်းလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်မျှပိုင်သော လယ်သမားများ၊ လက်လုပ်လက်စားနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက် (၂၁.၄၃%)ထိရှိကာ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများပါဝင်ကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများသည် ကျေးရွာတွင်းနှင့် အနီးရှိ ကျေးရွာများသို့ ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားအဖြစ်ဝင်ရောက်လုပ်ကိုင်ကြပြီး ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီဈေးရောင်းခြင်း လုပ်ငန်းများတွင်လည်း လုပ်ကိုင်ကြသည်။ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀%ဖြစ်သော (၇)စုကို လေ့လာဆန်းစစ်မှုအရယင်းတို့၏ **၁၅.၄၉%သည်ပမ်းစာဖူလုံမှုဒဿအောက်အထိ ရှိကြသည်။**အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သောအိမ်ထောင်စုအားလုံးသည် အကြွေးငွေ တင်ရှိနေကြသည်။ချေးငွေအများစုကို ကျေးရွာရှိ ငွေတိုးချေးသူများထံမှ အများဆုံး ချေးယူကြပြီးစိုက်ပျိုးရေးလုပ်အားခ
ကြိုယူခြင်းများလည်းရှိကြောင်းတွေ့ရသည်။ကျေးရွာသည်သမဝါယမချေးငွေနှင့်စိုက်ရေးစရိတ်ချေး ငွေရရှိသော်လည်းမြစိမ်းရောင်ချေးငွေများမရရှိပါ။ချေးငွေများကို စားသုံးရန်နှင့် ဝင်ငွေရအလုပ်အကိုင်များအတွက် အများဆုံး အသုံးပြုကြသည်။

ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော ထိခိုက်လွယ်သောပုဂ္ဂိုလ်အနေဖြင့် မိသားစုစောင့်ရှောက်မှု နည်းသူများဖြစ်သည့် သက်ကြီးရွယ်အို များမရှိပါ။ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စုအနေဖြင့် ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု(၄)စု ရှိပါသည်။ ထိခိုက်သက်ရောက်မှုအမျိုးအစားတွင် **စားနပ်ရိက္ခာ မဖူလုံမှု** ၊အအေးလွန်ကဲခြင်း၊သဘာဝရင်းမြေရှားပါးမှု တို့ကို မြင့်သည့်အနေအထားတွေ့ရပြီး၊

သဘာဝရင်းမြေရှားပါးမှု၊သစ်တောပြုန်းတီးခြင်း၊ငှက်ဖျားရောဂါ၊တီဘီရောဂါ၊**များကိုနိမ့်သည့်အနေအထားတွေ့ရသည်။**

ကျန်ထိခိုက်သက်ရောက်မှုအမျိုးအစားများမရှိပါ။ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများအတွက်အုပ်စုအလိုက်ခွဲခြားသတ်မှတ်ရာတွင်လည်းထိခိုက်သက်ရောက်မှုနိမ့်အဆင့်နှင့်မရှိအဆင့်များကိုအများဆုံးတွေ့ရသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီးအစားအစာပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ မူလတန်းကျောင်းတွင် ကျောင်းသူ/သားများကို တစ်နှစ်လျှင် တစ်ကြိမ် အာဟာရတိုက်ကျွေးမှုများရှိပြီး အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းအများစုတို့သည်လည်း တကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ အသင့်အတင့်ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို(၁)မိုင်ခန့်ဝေးသောဖာဇင်တ်(ဖ)မိုင်ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် (၄၀)မိုင်ခန့် ကွာဝေးသော နမ့်စန်မြို့နယ်ဆေးရုံတို့တွင် ရရှိနိုင်သည်။

ကျေးရွာတွင် အဝီစိတွင်းနှင့်စိမ့်စမ်းရေကိုသာ လုံလောက်စွာရနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျှောတိုက်ဖွိုက်၊ အစာအိမ်ရောင်စသောရောဂါဖြစ်ပွါးမှုနည်းပါးကြောင်း တွေ့ရသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် နိမ့်ကျလျက်ရှိကြောင်းတွေ့ရှိရပါသည်။ စာမတတ်သူဦးရေသည် ကျေးရွာရှိ ၅နှစ်အထက် လူဦးရေ၏၇၀.၁၆%ရှိပြီး ဘွဲ့ရအရေအတွက်မှာ ၅နှစ်အထက်လူဦးရေ၏၀.၈၁%သာရှိသည်။ကျေးရွာတွင်အခြေခံပညာရေးကို ရွာထဲရှမူလတန်းကျောင်းပညာသင်ကြားနိုင်ပြီးအလယ်တန်း/အထက်တန်းကျောင်းပညာတို့အတွက် ခိုလမ်မြို့နှင့် နမ့်စန့်မြို့တို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော်သက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှု အခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း နည်းပါးဆဲဖြစ်သည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်မွန်ပါသည်။မိသားစုအတွင်းကျား/မတို့၏အခန်းကဏ္ဍအသီးသီးကိုရပ်ရွာသတ်မှတ်ချက်များအတိုင်းကျင့်သုံးကြပါသည်။ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်းနှင့်အထက်တန်းများရှိကျား၊ မအရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင်မူ အမျိုးသမီးပါဝင်မှု အသင့်အတင့်ရှိကြသည်။ ကျားမတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၄။ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

လွိုင်ဖိုးကျေးရွာဖွံ့ဖြိုးရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ရှမ်းဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့(၁)ဖွဲ့သာရှိပြီး ကျေးရွာ၏ ဖွံ့ဖြိုးရေး၊ လူမှုရေး၊ သာရေးနာရေးကိစ္စများကို ဆောင်ရွက်ကြသည်။ ကျေးရွာသည် အဖွဲ့အစည်းများဖွဲ့စည်းပြီး လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး အစရှိသည့် လူမှုရေးလုပ်ငန်းများကို အတူတကွ လှုပ်ရှားဆောင်ရွက်သည့် အလေ့အထ နည်းပါးသည်။အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပါတ်သက်၍ ယေဘုယျအားဖြင့် အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါး၊ပြောင်းတို့ကို အဓိကထား စိုက်ပျိုးကြပါသည်။ မိုးစပါးစိုက်ဧက (၇)ဧကခန့်ရှိခဲ့ပြီး မိုးစပါးတစ်ဧကပျမ်းမျှအထွက်မှာ(၅၀)တင်းသာ ထွက်ရှိပါသည်။ပြောင်းကိုအဓိကထားစိုက်ပျိုးလာကြသည်။ အစေ့ထုတ်ပြောင်း တစ်ဧကအထွက်မှာ (၆၅)တင်း၊နှမ်းတစ်ဧကပျမ်းမျှအထွက်မှာ(၁၁)တင်း၊ပဲပုတ်တစ်ဧကပျမ်းမျှအထွက်မှာ(၁၃)တင်း၊မုန့် ညှင်းဆီတစ်ဧကပျမ်းမျှအထွက်မှာ(၇.၅)တင်းနှင့်မြေပဲတစ်ဧကပျမ်းမျှအထွက်မှာ(၄၅)တင်းထွက်ရှိ ြပြသည်။ စိုက်ပျိုးရေး ဦးစီးဌာနမှ နည်းပညာနှင့်ဝန်ဆောင်မှုများ လက်လှမ်းမမီဘဲ တောင်သူအများစုသည် စိုက်ပျိုးလုပ်ငန်းတွင် မိရိုးဖလာနည်းလမ်းကိုသာ အသုံးပြုကြသည်။

ကျေးရွာတွင် လက်တွန်းထွန်စက် (၁၄)စီးနှင့်ခွေလှေ့စက်(၁)စီး ရှိပြီး အပိုင်မရှိသည့် တောင်သူများသည် ငှါးရမ်းထွန်ယက်ကြရာတွင် လယ်ထွန်စက် တစ်နာရီ ကာလပေါက်ဈေး

၃၀၀၀/-ကျပ်ဖြင့် လည်းကောင်း၊ လက်တွန်းထွန်စက် တစ်နာရီ ကာလပေါက်ဈေး ၅၀၀၀/-ကျပ် ဖြင့်လည်းကောင်းငှားရမ်းအသုံးပြုကြသည်။ ထို့ကြောင့် လယ်ယာလုပ်ကိုင်သူ တောင်သူများက ငှါးရမ်းခဈေးနှုန်းသက်သာစွာ ရရှိငှါးရမ်းနိုင်ရေးနှင့် လယ်ယာသုံး စက်ကိရိယာများကို အရစ်ကျဝယ်ယူနိုင်ရေးအတွက် လိုလားနေကြသည်။

ကျေးရွာတွင် ပြောင်းနှင့် စပါးကို အဓိက စိုက်ပျိုးကြပြီး ကျေးရွာမှ အလုပ်သမားများအတွက် လယ်ယာလုပ်ငန်းခွင်တွင် နေ့စားလုပ်ကိုင်သူများသည် တစ်နေ့ ၃,၀၀၀/- ၅,၀၀၀/- ကျပ်ရရှိသည်။ တစ်နှစ်အတွင်း အလုပ်လုပ်ရက်ပေါင်းမှ (၉၀)ခန့် ရှိတတ်သည်။ လုပ်အားခရရှိမှုမှာ ကျားနှင့် မအတွက် မတူညီနိုင်ဘဲကျားလုပ်အားခကအမြဲတမ်းလိုလိုပိုနေတတ်ပါသည်။

လွိုင်ဖိုး ကျေးရွာတွင် မွေးမြူရေးအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းတွင်အသုံးပြုရန်ကျွဲမွေးမြူသည့်အိမ်ထောင်စု(၄)စု၊နွားမွေးမြူသည့်အိမ်ထောင်စု(၅)စုရှိသည်။ဝက်မွေးမြူသောအိမ်ထောင်စု(၆)စု၊ကြက်မွေးမြူသောအိမ်ထောင်စု(၂၁)စုရှိပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ လယ်ယာလုပ်ငန်းခွင်နှင့် နေ့စားအလုပ်လုပ်ကိုင်ခြင်း၊ ဈေးရောင်းလုပ်ငန်းတို့ ဖြစ်ကြသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။

ပန်းရံ၊လက်သမားများ၏ဆရာအဆင့်လုပ်အားခမှာတစ်နေ့၁၀,၀၀၀/-
ကျပ်ရနိုင်ပြီးအလုပ်သမားအဆင့်သည်၄,၀၀၀/-မှ၈,၀၀၀/-ကျပ်ရရှိနိုင်သည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေမှာ စုစုပေါင်းလူဦးရေ၏ ၆၄.၀၃% ရှိပြီး ကျေးရွာအတွက်လူ့အရင်းအမြစ် အလားအလာကောင်းတစ်ရပ်ဖြစ်သည်။မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့စသည်တို့သည် သက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါ သင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းနိမ့်ကျကြပြီး ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှု အားနည်းသည်။

(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင်စပါးနှင့်ပြောင်းစိုက်ခင်းများတွင်ဖျက်ပိုးများကျရောက်သဖြင့်ဓါတုပိုးသတ်ဆေးသုံးစွဲမှု များပြားလာခြင်း၊ ဓါတုမြေဩဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။တောင်သူများအနေဖြင့်ဓါတုပိုးသတ်ဆေးများကိုသာအသုံးပြုမှုများပြားသည်။

စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလစတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ဤကျေးရွာမှာ မြေပြန့်သောအပိုင်းတွင်တည်ရှိ၍ ရေကြီးရေလွှမ်းခြင်းမှ ကင်းဝေးသည်။ မြေပြန့်ဒေသဖြစ်ခြင်းကြောင့်လည်းဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှုနှင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတို့နည်းပါးသည်။ကျေးရွာတွင်မြေဆီဩဇာအခြေအနေအခက်အခဲမှာအသင့်အတင့်ရှိသည်။

(ငါ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

လွိုင်ဖိုးကျေးရွာသည်နမ့်စန်မြို့နယ်သမဝါယမဦးစီးဌာန၏သမချေးငွေ၊စိုက်ပျိုးစရိတ်ချေးငွေနှင့် ကျေးရွာရှိ ပုဂ္ဂလိက ငွေတိုးချေးသူများထံမှအပ အခြားမည်သည့် ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများမရရှိပါ။ကျေးရွာသားအများစုသည်ချေးငွေကိုအဓိကအားဖြင့်ဝင်ငွေရအလုပ်အကိုင် ကိစ္စရပ်များအတွက် အသုံးပြုကြသည်။ကျေးရွာတွင် ကျေးလက်ဒသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏
မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများမရရှိပါ။ကျေးရွာတွင် ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုသည် စုစုပေါင်းအိမ်ထောင်စု၏ ၇၁.၄၃%ရှိပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည်ကာလတို၊ ကာလလတ်နှင့် ကာလရှည်ချေးငွေလိုအပ်ချက် ရှိကြောင်းတွေ့ရှိရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်မူလတန်းပညာကိုကျေးရွာရှိမူလတန်းကျောင်းတွင်ပညာသင်ကြားနိုင်ပြီးအလျားငှပေ၊ အနံ၂၀ပေ၊အမြင့်၁၂ပေရှိအဆောင်(၁)၊အလျား၂၅ပေ၊အနံ၂၀ပေ၊အမြင့်၁၂ပေရှိအဆောင်(၂) ဆောင်တို့တွင်လည်းကောင်းသင်ကြားပေးသည်။စာသင်ကျောင်းဆောင်တစ်ဆောင်တွင်ကိုယ်ထူကိုယ်ထဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ကိုယ်ထူကိုယ်ထကျောင်းဆောင်များတွင်ပြတင်းပေါက်များတပ်ဆင်ပြီးခြင်းမရှိသည့်အပြင် ပရိဘောဂလုံလောက်မှုမရှိပါ။

ရွာသားအားလုံး၏၇၀.၁၆%သည်စာမတတ်သူများဖြစ်ကြပြီး၂၆.၆%ခန့်မှာမူလတန်းအဆင့်ရှိကြသည်။ဆရာ၊ဆရာမ နေထိုင်ရန် အိမ်ရာသီးသန့် မရှိသဖြင့်ဆရာဆရာမများအတွက် နေရာလုံလောက်မှုပိုမိုရရှိရန် အိမ်ရာတစ်ခု ဆောက်လုပ်ရန် လိုလားနေကြသည်။ ကျောင်းတွင် အစိုးရခန့်
မူလတန်းပြဆရာ/မ၃ဦးရှိပြီး၊ကျေးရွာခန့်ဆရာမ(၁)ဦးရှိပါသည်။ကျောင်းဆရာ/မအင်အားမှာလုံလေ ာက်ပါသည်။

ကျေးရွာတွင် အဝီစိတွင်းနှင့်စိမ့်စမ်းရေများကို အလွယ်တကူ လုံလောက်စွာရနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသော ရောဂါ ဖြစ်ပွါးမှုများ နည်းပါးကြောင်း

တွေ့ရသည်။ရွာသူရွာသားများအတွက်ကျန်းမာရေးဝန်ဆောင်မှုတို့ကို(၁)မိုင်ခန့်ဝေးသောဖာငတ်(၆)မိုင်ကျေးရွာရှိကျေးလက်ကျန်းမာရေးဌာနခွဲနှင့် (၄၀)မိုင်ခန့် ကွာဝေးသော နမ့်စန်မြို့နယ်ဆေးရုံတို့တွင် ရရှိနိုင်သည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိ ပါ။ လူငယ်များသည် ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ သို့ရာတွင် ယခုနှစ်များတွင် လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှု များပြားလာသဖြင့် မူယစ်ဆေးဝါးကင်းစင်ရေးနှင့် လူငယ်များအတွက် ပညာပေးဟောပြောပွဲများ ကျင်းပပေးရန် လိုအပ်လျက် ရှိသည်။

(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာရှိ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ကားနှင့်ထော်လာကျီများကို အသုံးပြုမောင်းနှင်ကြသည်။ရေလမ်းခရီးအသုံးပြုမှုမရှိပဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်၂၉စီး၊ထော်လာကျီ ၈စီး၊နှင့် ကား ၃စီး တို့ကို အသုံးပြုလျက်ရှိကြသည်။

ကျေးရွာသည်လျှပ်စစ်မီးအသုံးပြုနိုင်ခြင်းမရှိသေးဘဲ မိသားစုသုံးဆိုလာမီးကိုသာ အသုံးပြုကြရသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ အိမ်တိုင်းနီးပါးမှ လက်ကိုင်ဖုန်းအသုံးပြုကြပြီးကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင်စာကြည့်တိုက်အဆောက်အဦးသည်ဗဟုသုတဖြစ်ဖွယ်ရာစာအုပ်စာပေနည်းပါးပါသည်။ ရွာသားများသည်သတင်းစာ၊ဂျာနယ်တို့ကိုလည်းဝယ်ယူဖတ်ရှုကြပြီးတစ်ရွာလုံးအတိုင်းအတာဖြင့်တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ မကောင်းမွန်သေးကြောင်း တွေ့ရှိရပါသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားသူမရှိသလောက်ပင် ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။

ရွာသားများသည် နမ့်စန်ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီးကျေးရွာတွင်ရာဇဝတ်မှုဖြစ်ပွါးခြင်းနည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

လွိုင်ဖွီးကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့် ဒေသတွင်တည်ရှိပြီး နမ့်စန်မြို့နှင့် (၄၀)မိုင်အကွာတွင်တည်ရှိပါသည်။

လွိုင်ဖွီးကျေးရွာတွင်အရေးပေါ်လိုအပ်ပါက ခိုလမ်ဈေးနှင့်နမ့်စန်မြို့မဈေးသို့ အလွယ်တကူသွားရောက်ဝယ်ယူ ရရှိနိုင်ပေသည်။

လူဦးရေအားလုံး၏ ၆၄.၀၃%မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြပြီး ကျွမ်းကျင်မှုနှင့်သက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်လာစေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ် ရသောဆေးဝါးကုသလိုမှုအတွက်လည်း နမ့်စန်မြို့နယ်ဆေးရုံနှင့် လွိုင်လင်ခရိုင်ဆေးရုံများသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာ အတော်အသင့်ကောင်းမွန်သည်။ စပါး၊ ပြောင်း၊နှမ်း၊မြေပဲနှင့်ပဲပုတ်တို့ကိုအဓိကစိုက်ပျိုးကြပါသည်။ထို့ပြင်စိုက်ပျိုးမြေ အနည်းငယ်တိုးချဲ့နိုင်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

လွိုင်ဖွီးကျေးရွာရှိ တောင်ယာမြေများမှာ မြေဆီဩဇာ အသင့်အတင့်ကောင်းမွန်ပြီး မိုးရေကိုသာအားထားပြီးစိုက်ပျိုးကြရသည်။အခြားသယံဇာတများမထွက်ရှိပါ။

လွိုင်ဖွီးကျေးရွာတွင် ရွာတွင်းလမ်းနှင့်ချည်းကပ်လမ်းများသည် မြေသားလမ်းများဖြစ်ပြီးရွာချင်းဆက်လမ်းသည် မြေသားလမ်းဖြစ်ပါသည်။နမ့်စန်မြို့ပေါ်သို့လည်းကောင်း သွားလာရန် လွယ်ကူပါသည်။ထို့ကြောင့် တောင်ယာထွက်ကုန်များကို အချိန်မီ သယ်ယူရောင်းချရန်အတွက်လည်း အခက်အခဲများ မရှိပါ။

ကျေးရွာတွင် ဓာတ်မြေဩဇာနှင့် ဓာတ်တုပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ သုံးစွဲမှုများပြားလာသဖြင့် သဘာဝမြေဩဇာအသုံးပြုမှုနှင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးကျင့်သုံးနိုင်ရေး နည်းပညာနှင့်အထောက်အပံ့များ ရရှိသုံးစွဲနိုင်ရန် လိုအပ်သည်။

ကျေးရွာတွင် ချေးငွေအတွက် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်း မြင့်မားတတ်သည်။ သမချေးငွေနှင့်စိုက်အပျိုးစရိတ်ချေးငွေများရရှိပါသည်။ဘဏ်များမှကျေးရွာအရောက်ဝန်ဆောင်မှုပေး သောစနစ်လည်းမရှိပဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွါးရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန် စာရွက်စာတမ်းလိုအပ်ချက်များဖြည့်စွက်ရာများတွင် အခက်အခဲကြုံတွေ့ရတတ်သည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့်အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိပညာ၊ အထိအတွေ့တို့ အားနည်းပါသည်။

ကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများ ဖွဲ့စည်းမှုအားနည်းပြီး အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ညှိုင်းနှိုင်းဆောင်ရွက်မှု လွန်စွာအားနည်းသည်။

ကျေးရွာတွင်မူလတန်းကျောင်းသာရှိပြီး ပရိဘောဂများလည်း လုံလောက်မှု မရှိသေးပါ။လူငယ်များသည် ဆယ်ကျော်သက်အရွယ်မှစ၍ အလုပ်လုပ်ကြရသောကြောင့် ပညာတတ်မြောက်မှု နည်းပါးသည်။ ထို့ကြောင့် ကျောင်းပညာတစ်ဝက်တစ်ပျက်လူငယ်များနှင့် အလုပ်လက်မဲ့များအတွက် ဒေသနှင့် သင့်လျော်သော အသက်မွေးဝမ်းကျောင်းမှု သင်တန်းများ ရရှိရန် လိုအပ်ပါသည်။ ကျေးရွာသည် အထက်တန်းပညာရေးများအတွက်(၇)မိုင်ခန့်ကွာဝေးသောခိုလမ်မြို့နှင့် (၄၀)မိုင်ကွာဝေးသော နမ့်စန်မြို့တွင်သွားရောက်သင်ယူကြသည်။ဆရာ၊ဆရာမများ နေထိုင်ရန်အတွက် စာသင်ကျောင်းဝန်းအတွင် အိမ်ရာဆောက်လုပ်ရန် လိုအပ်လျက် ရှိသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းအသုံးပြုမှု ရှိသော်လည်း ဆက်သွယ်ရေးတာဝါတိုင်နှင့် ဝေးကွာသဖြင့် လိုင်းစွဲအား မကောင်းဘဲ အင်တာနက်အသုံးပြုနိုင်မှုမှာလည်း အကန့်အသတ်ဖြင့်သာ ရှိသည်။ ထို့ပြင် မဟာဓာတ်အားလိုင်းမှ အိမ်တိုင်းလျှပ်စစ်မီးသွယ်ယူ အသုံးပြုနိုင်ခြင်း မရှိသဖြင့် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းများ အားနည်းပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက် အဟန့်အတားတစ်ခု ဖြစ်နေပါသည်.

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာသည် သောက်သုံးရေရရှိရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးကိုပိုမိုတိုးတက်အောင်ဆောင်ရွက်သွားမည်။
(သို့မဟုတ်) ကျွန်ုပ်တို့ကျေးရွာသည် အခြေခံလိုအပ်ချက်ဖြစ်သော သောက်သုံးရေလုံလောက်စွာရရှိရန် ပိုက်များဖြင့်သွယ်တန်းခြင်း၊ ရေစုကန်များဆောက်လုပ်ခြင်းနှင့် ကျေးရွာလုံးကျတ် မီးလင်းစေရန်ဆောင်ရွက်သွားမည်။

က.၂) ကျွန်ုပ်တို့ကျေးရွာသည် အခြေခံပညာရေးကိုလုံခြုံပြည့်ဝစွာသင်ကြားနိုင်ရေးအတွက် စာသင်ဆောင်တိုးချဲ့ရေး၊ ပရိဘောဂများလုံလောက်စွာရရှိရေး၊ ဆရာ/ဆရာမများတိုးချဲ့ခန့်ထားရေးကိုဆောင်ရွက်သွားမည်။

က.၃) ကျွန်ုပ်ကျေးရွာသည် ကျေးရွာ၏အခြေခံအဆောက်အဦများကဏ္ဍဖြစ်သောမြန်မာ့ဆက်သွယ်ရေးတာဝါတိုင်များရရှိလာနိုင်ရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်သွားမည်။

က.၄) ကျွန်ုပ်ကျေးရွာသည် ကျေးရွာ၏အခြေခံအဆောက်အဦများကဏ္ဍဖြစ်သောဆိုလာမီးရရှိလာနိုင်ရေး၊ လမ်းများတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်သွားမည်။

က.၅) ကျွန်ုပ်ကျေးရွာသည် ကျေးရွာ၏အခြေခံအဆောက်အဦများကဏ္ဍဖြစ်သောခန်းမဆောင်ရရှိနိုင်ရေးဆောင်ရွက်သွားမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာ၏အခြေခံလိုအပ်ချက်ဖြစ်သော သောက်သုံးရေဖူလုံအောင် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာလူထု၏ကျန်းမာရေးပိုမိုတိုးတက်ကောင်းမွန်လာစေရမည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဖွဲ့စည်းပြီး ကျေးလက်

ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစည်းဌာနနှင့် ချိတ်ဆက်ပြီး ရေပိုက်သွယ်ယူခြင်း၊ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်သည်။

ခ.၂) ကျွန်ုပ်တို့ကျေးရွာသည် အခြေခံပညာရေးကိုကျေးရွာတွင်း၌ပင် လုံခြုံပြည့်ဝစွာသင်ကြားနိုင်ရေးအတွက် စာသင်ဆောင်တိုးချဲ့ရေး၊ ပရိဘောဂများလုံလောက်စွာရရှိရေး၊ ဆရာ/ဆရာမများတိုးချဲ့ခန့်ထားရေးကိုဆောင်ရွက်သွားမည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ကသက်ဆိုင်ရာပညာရေးဌာနကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက် သွားမည်ဖြစ်သည်။

ခ.၃)ကျွန်ုပ်ကျေးရွာလူထုသည်
ကျေးရွား၏အခြေခံအဆောက်အဦကဏ္ဍဖြစ်သောမြန်မာ့ဆက်သွယ်ရေးတာဝါတိုင်ရရှိလာနိုင်ရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်သွားမည်ဖြစ်သည်။

ခ.၄) ကျွန်ုပ်ကျေးရွာလူထုသည်
ကျေးရွား၏အခြေခံအဆောက်အဦကဏ္ဍဖြစ်သောလျှပ်စစ်မီးရရှိလာနိုင်ရေး၊ လမ်းများတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်သွားမည်။ ရွာလုံးကျွတ်မီးလင်းရေးအတွက် ဆိုလာမီးရရှိစေရန်လည်းကောင်း၊ ကျေးရွာတွင်းလမ်းများနှင့် ရွာချင်းဆက်လမ်းများကို မြေသားလမ်းမှ ကျောက်ခြောလမ်းအဖြစ်သို့ တိုးတက်ကောင်းစေရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

ခ.၅)ကျွန်ုပ်ကျေးရွာလူထုသည်
ကျေးရွား၏အခြေခံအဆောက်အဦကဏ္ဍဖြစ်သောရွာအစည်းအဝေးခန်းမဆောင်ရရှိလာနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်သည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်း

ကျေးရွာတွင်းလမ်းနှင့် ချဉ်းကပ်လမ်းများမှာ မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် သွားလာရ လွန်စွာခက်ခဲပြီး လမ်းပန်းဆက်သွယ်ရေး မကောင်းပါ။ကျေးရွာမှ ကိုယ်ထူကိုယ်ထ လမ်းအဆင့်မြှင့်ပြုပြင်ရန်မှာလည်း ငွေကြေးထည့်ဝင်ရန် အခက်အခဲရှိနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးမှုများနှင့်အတူ ကျေးလက်ဦးစီးဌာနမှ ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများအား အဆင့်မြှင့် ပြုပြင်ပေးသင့်ပါသည်။ ကျေးရွာချင်းဆက်လမ်းပိုမိုကောင်းမွန်လာခြင်းဖြင့်လည်း တစ်ရွာနှင့် တစ်ရွာ ကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုမြန်ဆန်လာနိုင်ပြီး၊ စီးပွားရေးဖွံ့ဖြိုးမှုအား လွန်စွာအထောက် အကူပြုနိုင်ပေမည်။

(ဂ) စံချိန်မီစာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်းနှင့် ဆရာ၊ဆရာမ အိမ်ရာ ဆောက်လုပ်ခြင်း

ကျေးရွာစာသင်ကျောင်းဆောင်များမှာကျောင်းသုံးပရိဘောဂများလုံလောက်မှုမရှိဘဲအရည်အသွေးပိုင်းတွင်အားနည်းမှုရှိပါသည်။ ထို့ပြင် ဆရာ၊ဆရာမများနေထိုင်ရန် အိမ်ရာမရှိသဖြင့် ကျေးရွာရှိ ဆရာ၊ဆရာမများ နေထိုင်ရေးမှာ ခက်ခဲလျက်ရှိပါသည်။ ထို့ပြင် စံချိန်မီသောစာသင်ကျောင်းဆောင်ဖြစ်မြောက်ရေး၊ ဆရာ၊ဆရာမအင်အား လုံလောက်စွာ ခန့်ထားပြီးနှင့်ဆရာ၊ဆရာမအိမ်ရာတစ်ခုဆောက်လုပ်ရေးအတွက်သက်ဆိုင်ရာအစိုးရဌာနများ ဖြစ်သော မြို့နယ် အခြေခံဦးစီးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနတို့ မှ တာဝန်ယူ ဆောင်ရွက်ပေးသင့်သည်။

(ဃ) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး

လွိုင်ဖွီးကျေးရွာတွင် ပညာရေးတစ်ပိုင်းတစ်စနှင့် ကျောင်းထွက်သွားကြသော လူငယ်များနှင့် ပညာမတတ်သောလူငယ်အချို့မှာ မိမိဘဝတိုးတက်ရာအာမခံချက်ပေးနိုင်သော လုပ်ငန်းများပေါ်တွင် အာရုံစိုက်မှုနည်းပြီး၊ ဂိမ်းကစားခြင်း၊ အချို့မှာ မူးယစ်ဆေးသုံးစွဲခြင်းဖြင့် အချိန်ကုန်ဆုံးနေတတ်ပါသည်။ ထိုနည်းတူစွာပင်၊ လက်လုပ်လက်စားကျပန်းများမှာလည်း လုပ်ငန်းအတည်တကျမရှိဘဲ၊ ရာသီပေါ်သီးနှံများပေါ်တွင်သာ ကျပမ်းအဖြစ်လုပ်ကိုင်စား

သောက်နေကြရသည်။ ထိုကဲ့သို့သောသူများအတွက် သင့်တော်သောအသက်မွေးဝမ်းကြောင်းဆိုင်ရာ အတတ်ပညာများ ရရှိအောင် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာပြင်ပအဖွဲ့များနှင့် ချိတ်ဆက်ပြီး ကူညီဆောင်ရွက်သင့်ပါသည်။

(c) စိုက်ပျိုးရေး နည်းပညာနှင့်ဝန်ဆောင်မှုများ လယ်ယာသုံးကိရိယာများစနစ်တကျငှားရမ်းအသုံးပြုနိုင်ရေး

လွိုင်ဖွီးကျေးရွာသည်စိုက်ပျိုးရေးကောင်းစွာဖြစ်ထွန်းသောကျေးရွာတစ်ရွာဖြစ်ပြီး၊စိမ့်စမ်းရေနှင့်မိုးေ ကိုသာရရှိနိုင်သည်။ သို့သော်လယ်ယာလုပ်သားရှားပါးလာမှုနှင့်အတူ၊ ရာသီဥတုဖောက်ပြန်လာမှုတို့ကြောင့် လယ်ယာလုပ်ငန်း အချိန်မှီပြီးစီးရန်အနည်းငယ်အခက်အခဲကြုံတွေ့ရတတ်ပေသည်။
စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူသက်ဆိုင်ရာဌာနများဖြစ်ကြသောစက်မှုလယ်ယာဦးစီးဌာနနှင့် ကျေးလက်ဦးစီးဌာနများမှ ပြင်ပလယ်ယာသုံးပစ္စည်းကိရိယာရောင်းချသော ကုမ္ပဏီများနှင့် ချိတ်ဆက်ပေးသင့်ပါသည်။ ထို့အပြင်အရစ်ကျစနစ်ဖြင့်ရောင်းချမှုများ၊ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းသုံးစွဲနိုင်ရေးများကိုလည်းဆောင်ရွက်ပေးသင့်ပါသည်။ ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းတွင်လည်း မိရိုးဖလာနည်းကိုသာ အသုံးပြုကြသဖြင့် အချို့သီးနှံများသည် အထွက်နှုန်းနည်းပါးလျက် ရှိသည်။ သို့ဖြစ်ပါ၍ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာနှင့် ဝန်ဆောင်မှုများ ရရှိရန်လည်း လိုအပ်လျက်ရှိသည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည် ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည် ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာအတွက်စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချခဲ့သောစီမံကိန်းမျ ားသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ဦးစားပေးစီမံကိန်းအချို့ကိုရှေ့ပိုင်းနှစ်များတွ င်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များပေါ်လာပါမည်။ပုံမှန်အားဖြင့်စံနစ်တကျေ းဆွဲထားသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်မူဘောင်သည်သဘာဝဘေးအန္တရာယ်ဆိုးဆိုးဝါးဝါးမကျပါ ကပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲနောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ကိုနှစ်ပတ်လည်ကျေးရွ ာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းခြင်းအားဖြင့်အစဉ်သဖြင့်ငါးနှစ်တာစီမံချက်တစ်ခုအသင့်အနေအ ထားတွင်ရှိနေပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရခွဲခြားခြင်း (Functional classification)နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက် ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)–ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
